# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

## ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့တွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၏ ရှင်းလင်းတင်ပြချက်

### နိဒါန်း

၁။ ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့် အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမှာ ဖြစ်ပါတယ်။

၂။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈ အရ ဥပဒေကြမ်းနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ၊ ၂၀၁၆-၂၀၁၇ ရှေ့ပြေးအမှန်စာရင်း၊ ၂၀၁၇-၂၀၁၈ ယာယီအမှန်စာရင်းတို့ကိုလည်း လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပါတယ်။

### နိုင်ငံတော်၏ စီးပွားရေးအခြေအနေအပေါ် ခြုံငုံသုံးသပ်ခြင်း

<u>မေခရိုစီးပွားရေးရည်မှန်းချက်</u>

၃။ နာယကကြီးခင်ဗျား၊ နိုင်ငံတော်၏ စီးပွားရေးအခြေအနေအပေါ် ခြုံငုံသုံးသပ် တင်ပြလိုပါတယ်-

- ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းကို ၇.၀% ခန့်မှန်းခဲ့ရာ ယာယီအမှန်စာရင်းအရ ၆.၈% ရရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။
- ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ စုစုပေါင်း

ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၀၆.၀၉၆ ထရီလီယံ ရရှိရန်ခန့်မှန်းထားပြီး ဂျီဒီပီ တိုးတက်မှုနှုန်းကို ၇.၆% ရရှိနိုင်မည်ဟု မျှော်မှန်းထားပါတယ်။

<u>ကဏ္ဍအလိုက်ရည်မှန်းချက်</u>

၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍကြီးများအလိုက် စီးပွားရေး တိုးတက်မှုကို -

- လယ်ယာကဏ္ဍကြီးတွင် ၂.၉%၊
- စက်မှုကဏ္ဍကြီးတွင် ၉.၄%၊
- ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈.၈% တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

၅။ လယ်ယာကဏ္ဍကြီးတွင်-

- သီးနှံပိုမိုစိုက်ပျိုး ထုတ်လုပ်ခြင်း၊
- ငါး၊ ပုဇွန်တိုးချဲ့မွေးမြူနိုင်ခြင်းနှင့် နည်းပညာအဆင့်မြှင့်တင်ခြင်း၊
- တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တန်ဖိုးမြှင့်(Value Added) တိုးတက် ထုတ်လုပ်ခြင်း၊
- ပြည်တွင်းစားသုံးမှု သာမက ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

၆။ စက်မှုကဏ္ဍကြီးတွင်-

- အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်မည့် အစီအမံများကြောင့် စက်မှုထုတ်ကုန်များ ပိုမိုထွက်ရှိနိုင်ခြင်း၊
- စွမ်းအင်ထုတ်လုပ်မှု တိုးတက်မည့် အလားအလာနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် အလားအလာများရှိခြင်း၊
- အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊
- ပြည်သူများအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများ ဆောက်လုပ်ခြင်း တို့ကို ရည်မှန်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

၇။ ဝန်ဆောင်မှုကဏ္ဍကြီးတွင်-

- ပြည်တွင်း၊ ပြည်ပ ပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း၊
- ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်ခြင်း၊
- ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း၊
- ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊
- ဟိုတယ်၊ ခရီးသွားနှင့် ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းငယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို ရည်မှန်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

၈။ ငွေရေးကြေးရေးကဏ္ဍတွင်-

- နိုင်ငံခြားငွေလဲလှယ်နှုန်းကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်း၊
- ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် ပြည်သူတို့ လိုအပ်နေသည့် ကုန်စည်များ ထုတ်လုပ်မှု၊ စားသုံးမှု၊ ကုန်စည်စီးဆင်းမှုစသည့် နယ်ပယ်အသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၉။ ဘဏ္ဍာရေးကဏ္ဍတွင်-

- အခွန်အကောက်ရငွေ တိုးတက်ရရှိစေရန် ကြိုးပမ်းခြင်း၊
- အစိုးရအသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊
- ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များ မြှင့်တင်ပေးခြင်း၊
- စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အခြေခံကောင်းများ တည်ဆောက်ပေးခြင်း စသည်တို့ကို ရည်မှန်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

<u>ကဏ္ဍအလိုက်ပါဝင်မှုအချိုးအစား</u>

၁၀။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ-

- လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၁.၉၀%၊

- စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၂၇% ၊
- ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၈၃% အသီးသီး ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

<u>ငွေကြေးဖောင်းပွမှုနှုန်း</u>

၁၁။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၅.၉၁% ရှိမည်ဟု ခန့်မှန်းထားပါတယ်။

<u>ပို့ကုန်၊သွင်းကုန်၊ ကုန်သွယ်မှုပိုငွေ/လိုငွေ</u>

၁၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင်-

- ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅.၃၀၀ ဘီလီယံ၊
- ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅.၈၀၀ ဘီလီယံ၊
- ကုန်သွယ်မှု ပမာဏစုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁.၁၀၀ ဘီလီယံ၊
- ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၅၀၀ သန်း သာရှိရန် ရည်မှန်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။

<u>ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက်</u>

၁၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒ (Monetary Policy) ကျင့်သုံးရာတွင် ငွေကြေးပမာဏ ရည်မှန်းချက် သတ်မှတ်ထားရှိခြင်းနှင့် ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရှိရန်နှင့် ထိန်းသိမ်းရန်အတွက် သီးသန့်ငွေကြေးပမာဏတစ်ရပ်ကို လုပ်ငန်းရည်မှန်းချက်အဖြစ်ထားရှိပြီး စုစုပေါင်းငွေကြေးပမာဏကို ကြားခံရည်မှန်းချက်အဖြစ်ထားရှိ၍ ဆောင်ရွက်လျက်ရှိပါတယ်။

၁၄။ သီးသန့်ငွေကြေးပမာဏကို ပြောင်းလဲစေသော အဓိကအချက်များဖြစ်သည့်-

- လှည့်လည်သုံးစွဲငွေ၊

- နိုင်ငံခြားငွေရရန်ပိုင်ခွင့်များ၊
- အစိုးရသို့ ချေးငွေ၊
- စီးပွားရေးကဏ္ဍသို့ ချေးငွေပြောင်းလဲမှုများအရ အမှန်ဖြစ်ပေါ်လာမည့် ငွေကြေးပမာဏကို Liquidity Forecasting နည်းဖြင့် ခန့်မှန်းပါတယ်။

၁၅။ အဆိုပါခန့်မှန်းချက်ကို ရည်မှန်းချက်ထားရှိသည့် သီးသန့်ငွေကြေးပမာဏနှင့် နှိုင်းယှဉ်ချိန်ထိုး၍-

- စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုအပ်ပါက ချေးငွေလေလံ (Credit Auction) ခေါ်ယူခြင်းနှင့်
- စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအား နုတ်သိမ်းရန်လိုအပ်ပါက အပ်ငွေလေလံ (Deposit Auction) ခေါ်ယူခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိပါတယ်။

၁၆။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်နှင့် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်များအပေါ်တွင်အခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က -

- သီးသန့်ငွေတိုးတက်မှုကို ၁၆%၊
- ငွေကြေးပမာဏတိုးတက်မှုကို ၂၃% အသီးသီးရရှိစေရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ မတ်လကုန်အထိ ကိန်းဂဏန်းများအရ -
  - သီးသန့်ငွေတိုးတက်မှုနှုန်းမှာ ၆%၊
  - စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်းမှာ ၁၈% ရရှိခဲ့ပါတယ်။

၁၇။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ၄.၆၂% ဖြစ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရဘတ်ဂျက်လိုငွေအတွက် ဘဏ္ဍာငွေဖြည့်ဆည်းမှုကို ဘတ်ဂျက်လိုငွေ၏ ၂၀% အတွင်း ဖြည့်ဆည်းရန် ရည်မှန်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၁၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးပမာဏကို အကျိုးသက်ရောက်စေသည့် အခြားအချက်များဖြစ်သည့် နိုင်ငံခြားသုံးငွေရရန်ပိုင်ခွင့်များနှင့် ပြည်တွင်းချေးငွေတိုးတက်မှုများကို ထည့်သွင်းလျက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးပမာဏ ရည်မှန်းချက်အား သီးသန့်ငွေကြေးပမာဏတိုးတက်မှုကို ၁၁% နှင့် စုစုပေါင်း ငွေကြေးပမာဏ တိုးတက်မှုကို ၂၁% ထားရှိဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၁၉။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့(ခ်)အိတ်ချိန်းကို ၉-၁၂-၂၀၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ စာရင်းဝင်ကုမ္ပဏီ ၅ ခုတို့၏ အစုရှယ်ယာများကို နေ့စဉ် ရောင်းဝယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စတော့(ခ်) ဈေးကွက်နှင့် ငွေချေးစာချုပ် ဈေးကွက်များဖွံ့ဖြိုးတိုးတက်ရန် ပြည်ပကျွမ်းကျင်သူများ အကူအညီရယူပြီး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

## ပြည်ထောင်စု၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ

၂၀။ နာယကကြီးခင်ဗျား၊ ဆက်လက်ပြီး ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေးအခြေအနေကို အကျဉ်းချုပ်အစီရင်ခံ တင်ပြပါမယ်-

(ကျပ်ဘီလီယံ)

| | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီးခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ယာယီအမှန် |
|---|---|---|---|
| ရငွေ | ၁၆,၆၀၅ | ၁၈,၈၃၂ | ၁၇,၇၀၇ |
| သုံးငွေ | ၂၀,၅၉၄ | ၂၂,၇၆၀ | ၁၉,၈၀၃ |
| ပိုငွေ(+)/ လိုငွေ(-) | (-) ၃,၉၈၉ | (-) ၃,၉၂၈ | (-) ၂,၀၉၆ |
| ဂျီဒီပီတန်ဖိုး | ၉၁,၁၁၉ | ၉၁,၁၁၉ | ၉၀,၄၅၁ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၃၇% | ၄.၃၀% | ၂.၃၂% |

၂၁။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းအရ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၂.၃၂% ဖြစ်ပါတယ်။

## ဘဏ္ဍာရေးမူဝါဒ

၂၂။ နိုင်ငံတော်၏ အဓိကမူဝါဒများမှာ အခွန်မူဝါဒနှင့် အသုံးစရိတ်မူဝါဒတို့ ဖြစ်ပါတယ်-

**(က) အခွန်မူဝါဒ**

(၁) ပြည်ထောင်စုအစိုးရက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြု စေမည့် အသုံးစရိတ်များကို သုံးစွဲနိုင်ရန် ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝကြိုးပမ်း ကောက်ခံရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေမည့် နိုင်ငံတကာ စံနှုန်းများနှင့် လျော်ညီသည့်အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(၃) အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက် စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများထိန်းသိမ်းရေး နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်။

**(ခ) အသုံးစရိတ်မူဝါဒ**

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၃) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုစေမည့် အသုံးစရိတ်များအား ခွဲဝေချထားရန်၊

(၄) ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်၊

(၅) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြားပြီး လတ်တလော ဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်း ဆောင်ရွက်ရန်၊

(၆) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်နှင့် ကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့်ပစ္စည်းများကို ကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန်၊

(၇) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေများကို စိစစ်ရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အကျိုးရှိရှိ ထိရောက်စွာ ခွဲဝေသုံးစွဲရန်၊

(၈) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

<u>ဦးစားပေးကဏ္ဍများ</u>

၂၃။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးအစီအစဉ်များအရ ဘတ်ဂျက်ခွဲဝေချထားမှုကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအနက်မှ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဦးစားပေး လျာထားခဲ့ပါတယ်။

<u>အဆင့်ဆင့်စိစစ်ခြင်း</u>

၂၄။ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများမှ တင်ပြလာသော ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို စိစစ်ရာမှာ-

- ငွေလုံးငွေရင်းအသုံးစရိတ်များကို ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေး အဖွဲ့ (ငွေလုံးငွေရင်း) (ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ စက်ပစ္စည်းကြီးကြပ်မှု

ကော်မတီ (ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့က စိစစ်ပြီး၊

- သာမန်အသုံးစရိတ်များကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ စိစစ်ခဲ့ပါတယ်။
- ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပြီး၊
- ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအတွက် ဒုတိယသမ္မတတစ်ဦးက စိစစ်ပါတယ်။
- တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအတွက် ကျန်ဒုတိယသမ္မတတစ်ဦးက စိစစ်ခဲ့ပါတယ်။
- စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း၊
- ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြခြင်း၊
- ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး
- ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါတယ်။

၂၅။ ဘတ်ဂျက်ရေးဆွဲရာမှာ ယခင်နှစ်ကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ဖြင့် ဆောင်ရွက်ထားကြောင်း တင်ပြအပ်ပါတယ်။

<u>တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးခြင်း</u>

၂၆။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကို ဖြည့်ဆည်းပေးရန်အတွက် ယခင်နှစ်ကဲ့သို့ ညွှန်ကိန်း(၆)ခုဖြင့် တွက်ချက်ပြီး မူလထောက်ပံ့ငွေထက် ကျပ် ၈၇ ဘီလီယံပိုမို၍ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် ၁.၇၉၄ ထရီလီယံလျာထားပေးခဲ့ပါတယ်။

## နှစ်လတ်ဘဏ္ဍာရေးလျာထားချက်

၂၇။ နာယကကြီးခင်ဗျား၊ ဆက်လက်ပြီး လာမည့် (၃) နှစ်စာအတွက် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို တင်ပြပါမယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်ထိ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်များမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၂၀၁၇-၂၀၁၈ (ယာယီအမှန်) | ၂၀၁၈-၂၀၁၉ (လျာထားချက်) | ၂၀၁၉-၂၀၂၀ (မျှော်မှန်း) | ၂၀၂၀-၂၀၂၁ (မျှော်မှန်း) |
|---|---|---|---|---|---|
| ရငွေ | ၁၆,၂၇၁ | ၁၆,၇၉၃ | ၁၇,၆၉၃ | ၁၈,၉၀၅ | ၂၀,၅၁၈ |
| သုံးငွေ | ၁၈,၃၆၈ | ၁၉,၀၈၆ | ၂၄,၀၇၇ | ၂၆,၀၄၉ | ၂၇,၉၈၂ |
| ပိုငွေ(+)/လိုငွေ (-) | (-) ၂,၀၉၇ | (-) ၂,၂၉၃ | (-) ၆,၃၈၄ | (-) ၇,၁၄၄ | (-) ၇,၄၆၄ |
| လိုငွေဖြည့်ဆည်းခြင်း | ၂,၂၉၆ | ၂,၇၀၅ | | | |
| ငွေတိုက်စာချုပ် | ၇၇၁ | ၆၆၆ | | | |
| ငွေတိုက်လက်မှတ် | ၁,၅၂၅ | ၂,၀၃၉ | | | |
| ကြွေးမြီလျာထားချက် (ပြည်ပချေးယူရငွေ) | ၆၃၅ | ၇၈၉ | ၂,၁၉၁ | ၂,၅၆၇ | ၂,၃၈၂ |
| တိုင်းဒေသကြီး/ပြည်နယ်များသို့လိုငွေဖြည့်ဆည်းခြင်း | ၁,၆၂၈ | ၁,၅၆၈ | ၁,၇၉၄ | ၁,၈၃၀ | ၁,၈၆၆ |

## ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

၂၈။ နာယကကြီးခင်ဗျား၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|---|
| (က) | ရငွေ | ၁၇,၂၃၂ | ၄၁၈ | ၂,၄၀၁ | ၂၀,၀၅၁ | ၁၈.၉၀% |
| (ခ) | သုံးငွေ | *၁၇,၅၇၃ | ၆,၅၀၄ | ၈၇၇ | *၂၄,၉၅၄ | ၂၃.၅၂% |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (-) ၃၄၁ | (-) ၆,၀၈၆ | (+) ၁,၅၂၄ | (-)၄,၉၀၃ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | | | | ၁၀၆,၀၉၆ | |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | | | | ၄.၆၂% | |

(* တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုငွေကျပ် ၁,၇၉၄ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပါသည်။)

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း**

၂၉။ တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအချုပ်မှာ တင်ပြပါ အတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|
| (က) | စုစုပေါင်းရငွေ | ၁,၀၆၅ | ၁.၀၀% |
| (ခ) | စုစုပေါင်းသုံးငွေ | ၂,၈၅၉ | ၂.၆၉% |
| (ဂ) | ပိုငွေ(+) /လိုငွေ(-) | (-) ၁,၇၉၄* | |

(*လိုငွေကို ပြည်ထောင်စုမှ ဖြည့်ဆည်းပေးပါသည်။)

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အရအသုံးအခြေအနေ**

၃၀။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေများအရ နိုင်ငံတော်တစ်ခုလုံး၏ အရအသုံးအခြေအနေမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|
| (က) | ရငွေများ | ၂၀,၀၅၁ | ၂,၈၅၉ | ၂၂,၉၁၀ | ၂၁.၅၉% |
| | (၁) သာမန် | ၁၇,၂၃၂ | ၂,၆၀၅ | ၁၉,၈၃၇ | |
| | (၂) ငွေလုံးငွေရင်း | ၄၁၈ | ၁၁၀ | ၅၂၈ | |
| | (၃) ကြွေးမြီ | ၂,၄၀၁ | ၁၄၄ | ၂,၅၄၅ | |
| (ခ) | သုံးငွေများ | ၂၄,၉၅၄ | ၂,၈၅၉ | ၂၇,၈၁၃ | ၂၆.၂၁% |
| | (၁) သာမန် | ၁၇,၅၇၃ | ၈၇၇ | ၁၈,၄၅၀ | |
| | (၂) ငွေလုံးငွေရင်း | ၆,၅၀၄ | ၁,၉၇၂ | ၈,၄၇၆ | |
| | (၃) ကြွေးမြီ | ၈၇၇ | ၁၀ | ၈၈၇ | |

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-) ၄,၉၀၃ | | (-) ၄,၉၀၃ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | ၁၀၆,၀၉၆ | | ၁၀၆,၀၉၆ | |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၆၂% | | ၄.၆၂% | |

၃၀။ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် အခွန်ဝေစုနှင့်ပတ်သက်ပြီး နိုင်ငံပိုင်ကဏ္ဍက ကောက်ခံရရှိသည့် ကျပ် ၅၄.၂၅၅ ဘီလီယံကို နှစ်လတ်ဘဏ္ဍာရေးမူဘောင် အရ ညွှန်ကိန်းများဖြင့် တွက်ချက်ခွဲဝေပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့က တင်သွင်းသော သွင်းကုန်များအပေါ် ကောက်ခံရရှိသည့် ငွေများမပါဝင်ဘဲ ကုန်သွယ် လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် ဝင်ငွေခွန်၏ ၅%နှင့် တံဆိပ်ခေါင်းခွန်၏ ၂% တို့ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ခံရရှိသည့်အပေါ် မူတည်၍ ခွဲဝေပေးခဲ့ပါတယ်။ စုစုပေါင်း ခွဲဝေပေးသည့် ပမာဏမှာ ကျပ် ၃၃၆.၉၁၈ ဘီလီယံ ဖြစ်ပါတယ်။

၃၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ကျပ် ၃၂.၂၀၀ ဘီလီယံ ကိုလည်း လျာထားပေးခဲ့ပါတယ်။

**စာရင်းကိုင်နည်းကိုအခြေခံရေးဆွဲသောနည်းလမ်း (Accounting Method) နှင့် ဆန်းစစ်ချက် နည်းကို အခြေခံရေးဆွဲသော နည်းလမ်း(Analytical Method) နှိုင်းယှဉ်ချက်**

၃၃။ နာယကကြီးခင်ဗျား၊၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ လေ့လာနိုင်ရန် စာရင်းကိုင်နည်း

(Accounting Method)နှင့် ဆန်းစစ်ချက်နည်း(Analytical Method) တို့ကို နှိုင်းယှဉ်တင်ပြပေးထားပါတယ်-

(ကျပ်ဘီလီယံ)

| Accounting Method ဖြင့်ရေးဆွဲခြင်း | | Analytical Method ဖြင့် ရေးဆွဲခြင်း | |
|---|---|---|---|
| စုစုပေါင်းရငွေ | ၂၀,၀၅၁ | စုစုပေါင်းရငွေ | ၁၇,၆၉၃ |
| သာမန်ရငွေ(Grant အပါအဝင်) | ၁၇,၂၃၂ | သာမန်ရငွေ(Grant နှင့် အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေအပါအဝင်) | ၁၇,၂၇၅ |
| ငွေလုံးငွေရင်းရငွေ(Grantအပါအဝင်) | ၄၁၈ | ငွေလုံးငွေရင်းရငွေ(Grant အပါအဝင်) | ၄၁၈ |
| ကြွေးမြီရငွေ(Loan အပါအဝင်) | ၂,၄၀၁ | | |
| စုစုပေါင်းအသုံးစရိတ် | ၂၄,၉၅၄ | စုစုပေါင်းအသုံးစရိတ် | ၂၄,၀၇၇ |
| သာမန်အသုံးစရိတ် | ၁၇,၅၇၃ | သာမန်အသုံးစရိတ် | ၁၇,၅၇၃ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၆,၅၀၄ | ငွေလုံးငွေရင်းအသုံးစရိတ် | ၆,၅၀၄ |
| ကြွေးမြီအသုံးစရိတ်(အရင်းပေးဆပ်ငွေအပါအဝင်) | ၈၇၇ | | |
| လိုငွေ | ၄,၉၀၃ | လိုငွေ | ၆,၃၈၄ |
| ဂျီဒီပီတန်ဖိုး | ၁၀၆,၀၉၆ | ဂျီဒီပီတန်ဖိုး | ၁၀၆,၀၉၆ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၆၂% | လိုငွေနှင့်ဂျီဒီပီအချိုး | ၆.၀၂% |

၃၄။ Accounting Method ဖြင့် တွက်ချက်ရာမှာ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၄.၆၂% ဖြစ်ပြီး Analytical Method ဖြင့် တွက်ချက်ရာမှာ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၆.၀၂% ဖြစ်ပါတယ်။

၃၅။ စုစုပေါင်းရငွေနှင့် စုစုပေါင်းသုံးငွေတွင် ဌာန၊ အဖွဲ့အစည်းများအလိုက် ပါဝင်သည့် အချိုးအစားများကိုလည်း ဖော်ပြပေးထားပါတယ်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၃၀,၁၄၀.၅၀၄ | ၀.၁၅% | ၁၂၂,၄၀၉.၁၆၈ | ၀.၄၉% |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | | ၁၀,၀၅၀.၉၀၁ | ၀.၀၄% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၂၄.၀၆၀ | | ၂,၀၀၂.၁၀၇ | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁,၈၆၄.၃၉၅ | ၀.၀၁% | ၃,၃၀၈.၉၃၇ | ၀.၀၁% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၈၉၄ | | ၉,၆၈၀.၀၉၀ | ၀.၀၄% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၃၀၀ | | ၆,၄၇၄.၆၁၄ | ၀.၀၃% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၃၀၀.၀၀၀ | | ၃၂,၀၁၁.၇၈၉ | ၀.၁၃% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၅၀ | | ၉၁၅.၇၉၅ | |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁.၅၀၀ | | ၁၀,၂၃၅.၁၂၇ | ၀.၀၄% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၉.၃၅၇ | | ၃,၁၂၀.၉၈၂ | ၀.၀၁% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၆၃၃.၉၄၈ | | ၄,၅၀၄.၁၉၃ | ၀.၀၂% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂၇,၂၉၅.၀၀၀ | ၀.၁၄% | ၄၀,၀၉၄.၆၂၃ | ၀.၁၆% |
| | | (၁) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | ၂၇,၂၀၀.၃၀၀ | ၀.၁၄% | ၂၈,၆၂၃.၄၁၆ | ၀.၁၁% |
| | | (၂) ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၅၀ | | ၆၆၂.၀၆၈ | |
| | | (၃) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၅၀.၀၃၀ | | ၁,၂၂၁.၉၀၄ | ၀.၀၀% |
| | | (၄) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၂၄.၆၂၀ | | ၄,၄၅၀.၅၇၃ | ၀.၀၂% |
| | | (၅) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၂၀.၀၀၀ | | ၅,၁၃၆.၆၆၂ | ၀.၀၂% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၂ | | **ဝန်ကြီးဌာနများ** | **၁၇,၈၀၈,၃၂၈.၀၁၆** | **၈၈.၈၁%** | **၂၂,၈၄၇,၀၀၂.၅၁၀** | **၉၁.၅၅%** |
| | ၁ | နိုင်ငံခြားရေး | ၁,၉၃၀.၀၀၀ | ၀.၀၁% | ၆၆,၀၉၁.၂၅၅ | ၀.၂၆% |
| | ၂ | သမ္မတရုံး | | | | |
| | ၃ | ပြည်ထဲရေး | ၃၉,၈၀၅.၈၆၈ | ၀.၂၀% | ၄၃၅,၆၀၂.၂၃၃ | ၁.၇၅% |
| | ၄ | ကာကွယ်ရေး | ၇၁,၄၄၃.၀၇၅ | ၀.၃၆% | ၃,၂၆၂,၈၅၅.၆၂၇ | ၁၃.၀၇% |
| | ၅ | နယ်စပ်ရေးရာ | ၂,၉၆၉.၅၈၅ | ၀.၀၁% | ၁၃၄,၃၀၂.၃၂၄ | ၀.၅၄% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | ၁,၆၅၃.၂၀၂ | ၀.၀၁% |
| | ၇ | ပြန်ကြားရေး | ၈၀,၄၃၉.၄၈၂ | ၀.၄၀% | ၁၀၈,၆၆၀.၀၄၃ | ၀.၄၄% |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂၉,၇၃၁.၀၆၄ | ၀.၁၅% | ၃၆,၉၉၆.၃၀၃ | ၀.၁၅% |
| | ၉ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၅၇၆,၅၈၆.၀၂၃ | ၂.၈၈% | ၁,၀၄၈,၁၃၁.၂၈၂ | ၄.၂၀% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁,၆၂၂,၂၀၉.၄၁၁ | ၈.၀၉% | ၁,၃၃၃,၆၁၃.၈၆၆ | ၅.၃၄% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၅၄၀,၃၈၄.၄၅၂ | ၂.၇၀% | ၃၅၈,၃၅၄.၂၁၈ | ၁.၄၄% |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၅,၁၆၅,၃၂၉.၆၀၇ | ၂၅.၇၆% | ၅,၅၅၁,၂၄၆.၀၃၂ | ၂၂.၂၄% |
| | ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၆၀,၃၉၃.၀၄၀ | ၀.၃၀% | ၄၂,၈၆၆.၃၀၁ | ၀.၁၇% |
| | ၁၄ | စက်မှု | ၉၄,၇၃၇.၁၃၈ | ၀.၄၇% | ၄၂၉,၆၄၇.၇၀၄ | ၁.၇၂% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၀,၆၅၅.၆၁၁ | ၀.၁၀% | ၁၇,၂၉၃.၆၈၁ | ၀.၀၇% |
| | ၁၆ | ပညာရေး | ၂၀၅,၁၁၁.၆၄၀ | ၁.၀၂% | ၂,၁၇၆,၄၈၅.၈၇၅ | ၈.၇၂% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၂၀၈,၁၂၆.၁၃၈ | ၁.၀၄% | ၁,၁၅၀,၇၈၅.၀၀၂ | ၄.၆၁% |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၈,၅၄၁,၆၉၇.၂၈၂ | ၄၂.၆၀% | ၅,၇၂၇,၁၈၂.၆၃၀ | ၂၂.၉၅% |
| | ၁၉ | ဆောက်လုပ်ရေး | ၅၀၇,၃၃၅.၄၁၅ | ၂.၅၃% | ၈၄၇,၀၅၉.၅၈၆ | ၃.၃၉% |
| | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁၆,၈၉၇.၀၇၂ | ၀.၀၈% | ၁၀၄,၁၀၂.၅၄၂ | ၀.၄၂% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂၂,၅၄၆.၁၁၃ | ၀.၁၁% | ၉,၁၉၆.၈၂၇ | ၀.၀၄% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | | ၄,၈၆၅.၉၇၇ | ၀.၀၂% |

## ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|
| | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၄၈၂.၉၁၀ | ၀.၀၁% | ၁,၃၄၀.၈၇၆ | ၀.၀၁% |
| ၄ | နေပြည်တော်ကောင်စီ | ၁၁၁.၀၀၃ | | ၉၅,၆၃၄.၆၈၃ | ၀.၃၈% |
| ၅ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇၄၄,၉၂၄.၈၆၄ | ၃.၇၂% | ၅၁၀,၄၇၉.၇၈၅ | ၂.၀၅% |
| ၆ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၄၇,၆၅၉.၃၂၂ | ၀.၂၄% | ၄၅,၃၃၇.၁၂၀ | ၀.၁၈% |
| ၇ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ | ၁,၃၂၃,၈၄၉.၅၃၈ | ၆.၆၀% | ၁,၂၉၇,၈၅၉.၆၆၈ | ၅.၂၀% |
| | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၈၉,၉၉၄.၈၃၃ | ၁.၉၄% | ၃၉၁,၉၄၅.၁၃၃ | ၁.၅၇% |
| | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၆၅၅,၀၈၅.၃၆၇ | ၃.၂၇% | ၆၃၅,၇၂၀.၂၇၁ | ၂.၅၅% |
| | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၂၇၈,၇၆၉.၃၃၈ | ၁.၃၉% | ၂၇၀,၁၉၄.၂၆၄ | ၁.၀၈% |
| ၈ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ | ၉၅,၀၀၀.၀၀၀ | ၀.၄၇% | ၃၄,၅၅၂.၁၈၆ | ၀.၁၄% |
| | လူမှုဖူလုံရေးအဖွဲ့ | ၉၅,၀၀၀.၀၀၀ | ၀.၄၇% | ၃၄,၅၅၂.၁၈၆ | ၀.၁၄% |
| | စုစုပေါင်း | ၂၀,၀၅၁,၄၉၆.၁၅၇ | ၁၀၀.၀၀% | ၂၄,၉၅၄,၆၀၅.၉၉၇ | ၁၀၀.၀၀% |

<u>၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ နှိုင်းယှဉ်ချက်</u>

၃၆။ နာယကကြီးခင်ဗျား၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း နှိုင်းယှဉ်ချက်မှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ယာယီအမှန်စာရင်း | ၂၀၁၈-၂၀၁၉ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၁၇,၇၀၇ | ၂၀,၀၅၁ | (+) ၂,၃၄၄ |
| စုစုပေါင်းအသုံးစရိတ် | ၁၉,၈၀၃ | ၂၄,၉၅၄ | (+) ၅,၁၅၁ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၂,၀၉၆ | (-) ၄,၉၀၃ | (+) ၂,၈၀၇ |
| ဂျီဒီပီတန်ဖိုး | ၉၀,၄၅၁ | ၁၀၆,၀၉၆ | |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၂.၃၂% | ၄.၆၂% | |

၃၇။ အခွန်ရငွေစာရင်းမှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၃၀ ဘီလီယံ ပိုမိုပြီး ယာယီအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၁၅၂ ဘီလီယံ ပိုမိုပါကြောင်း တင်ပြအပ်ပါတယ်-

## ပြည်ထောင်စု၏အခွန်ရငွေစာရင်း

(စာရင်းပေါင်းချုပ်)

(ကျပ်သန်းပေါင်း)

| ငွေစာရင်းခေါင်းစဥ်များ | ၂၀၁၇-၂၀၁၈ | | ၂၀၁၈-၂၀၁၉ မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီး ခန့်မှန်းခြေထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) | ၂၀၁၇-၂၀၁၈ ယာယီအမှန် စာရင်းထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) |
|---|---|---|---|---|---|
| | ပြုပြင်ပြီး ခန့်မှန်းခြေ | ယာယီအမှန်စာရင်း | | | |
| **၁။ ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၃,၆၈၁,၂၈၀.၄၃၂** | **၃,၆၂၀,၂၅၂.၀၈၃** | **၃,၈၆၂,၇၈၅.၉၄၄** | **+၁၈၁,၅၀၅.၅၁၂** | **+၂၄၂,၅၃၃.၈၆၁** |
| ၁-၂ ယစ်မျိုးခွန် | ၉၄၀.၃၁၁ | ၁,၁၄၁.၅၂၅ | ၁,၀၈၄.၂၇၅ | +၁၄၃.၉၆၄ | -၅၇.၂၅၀ |
| ၁-၃ ကုန်သွယ်လုပ်ငန်းခွန် | ၂,၀၇၅,၇၁၅.၆၂၀ | ၁,၉၇၅,၂၀၀.၁၃၂ | ၂,၁၂၂,၈၃၈.၅၄၇ | +၄၇,၁၂၂.၉၂၇ | +၁၄၇,၆၂၈.၄၁၅ |
| ၁-၄ သွင်းကုန်အတွက် လိုင်စင်ခများ | ၇,၀၀၀.၀၀၀ | ၈,၁၇၁.၈၅၈ | ၇,၀၀၀.၀၀၀ | | -၁,၁၇၁.၈၅၈ |
| ၁-၅ မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၉၄,၂၀၂.၄၅၁ | ၉၃,၈၂၃.၉၇၆ | ၁၄၂,၇၈၁.၆၀၂ | +၄၈,၅၇၉.၁၆၁ | +၄၈,၉၅၇.၆၃၆ |
| ၁-၆ မော်တော်ယာဥ်၊ယာဥ်မောင်းလိုင်စင်၊လုပ်ငန်း လိုင်စင်ဆိုင်ရာအခငွေများ | ၁၉၆,၇၆၀.၀၀၀ | ၂၃၂,၉၂၈.၁၄၇ | ၁၂၀,၄၀၀.၀၀၀ | -၇၅,၃၆၀.၀၀၀ | -၁၁၁,၅၂၈.၁၄၇ |
| ၁-၈ တံဆိပ်ခေါင်းခွန် | ၇၄,၉၇၃.၁၁၃ | ၆၇,၇၁၃.၄၉၀ | ၇၄,၆၃၆.၇၁၉ | -၃၃၆.၃၉၄ | +၆,၉၂၃.၂၂၉ |
| ၁-၉ မုတ်ကောင်ဝတ်ဆံသွင်းအခွန် | ၇၀၀.၀၀၀ | ၇၀၂.၀၀၀ | ၇၂၀.၀၀၀ | +၂၀.၀၀၀ | +၁၈.၀၀၀ |
| ၁-၁၀ ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်း ညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | ၇၁၇.၈၄၀ | ၈၅၇.၀၄၀ | ၈၆၅.၄၇၅ | +၁၄၇.၆၃၅ | +၈.၄၃၅ |
| ၁-၁၁ အထူးကုန်စည်ခွန် | ၁,၂၃၀,၂၇၁.၀၉၇ | ၁,၂၃၉,၇၀၃.၉၁၅ | ၁,၃၉၁,၄၅၉.၃၁၆ | +၁၆၁,၁၈၈.၂၁၉ | +၁၅၁,၇၅၅.၄၀၁ |
| **၂။ ဝင်ငွေနှင့်ပိုင်ဆိုင်မှုပေါ်ကောက်ခံသည့်အခွန်အကောက်** | **၂,၃၅၆,၄၃၁.၀၂၈** | **၂,၂၆၃,၆၄၆.၅၀၉** | **၂,၃၂၄,၈၁၆.၃၂၀** | **-၃၁,၆၁၄.၇၀၈** | **+၆၁,၁၆၉.၈၁၁** |
| ၂-၁ ဝင်ငွေခွန် | ၂,၃၅၆,၄၃၁.၀၂၈ | ၂,၂၆၃,၆၄၆.၅၀၉ | ၂,၃၂၄,၈၁၆.၃၂၀ | -၃၁,၆၁၄.၇၀၈ | +၆၁,၁၆၉.၈၁၁ |
| **၃။ အကောက်ခွန်** | **၄၉၀,၀၀၀.၀၀၀** | **၅၂၃,၇၉၇.၈၃၉** | **၅၃၀,၀၀၀.၀၀၀** | **+၄၀,၀၀၀.၀၀၀** | **+၆,၂၀၂.၁၆၁** |
| **၄။ နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၁,၀၁၈,၃၁၈.၆၅၄** | **၁,၀၁၅,၈၁၇.၈၂၀** | **၈၅၈,၃၃၁.၉၅၀** | **-၁၅၉,၉၈၆.၇၀၄** | **-၁၅၇,၄၈၅.၈၇၀** |
| ၄-၁ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၃.၆၄၉ | ၁၇.၁၉၁ | ၁၀.၃၉၂ | +၆.၇၄၃ | -၆.၇၉၉ |
| ၄-၂ ရေခွန် | ၇၀.၃၇၃ | ၅၅.၈၉၇ | ၇၆.၀၀၃ | +၅.၆၃၀ | +၂၀.၁၀၆ |
| ၄-၂ တာတမံခွန် | ၀.၀၂၅ | ၀.၀၂၅ | ၀.၀၂၅ | | |
| ၄-၃ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်သစ်တောခွန် | ၃,၈၃၃.၁၃၃ | ၅,၀၄၅.၇၂၇ | ၅,၁၀၀.၀၀၀ | +၁,၂၆၆.၈၆၇ | +၅၄.၂၇၃ |
| ၄-၄ ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်(စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၁၇.၈၂၃ | ၆၉.၈၁၃ | ၄၅.၀၄၈ | +၂၇.၂၂၅ | -၂၄.၇၆၅ |
| ၄-၅ ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | ၁,၅၀၅.၁၃၉ | ၄,၄၅၈.၄၀၃ | ၂,၆၀၇.၀၀၀ | +၁,၁၀၁.၈၆၁ | -၁,၈၅၁.၄၀၃ |
| ၄-၈ ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၃၇၂,၂၉၅.၁၃၉ | ၃၅၂,၈၇၄.၄၃၆ | ၄၀၀,၃၁၃.၂၀၂ | ၃၈,၀၁၈.၀၇၃ | ၅၇,၄၃၈.၇၇၆ |
| ၄-၉ ဓါတ်သတ္တုခွန်နှင့် ရတနာခွန် | ၂၇,၂၆၇.၈၇၈ | ၃၀,၃၈၆.၁၀၀ | ၃၀,၃၆၈.၀၀၀ | +၃,၁၀၀.၁၂၂ | -၁၈.၁၀၀ |
| ၄-၁၀ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ | ၆၀၂,၈၉၉.၁၇၅ | ၆၀၂,၈၀၉.၈၈၂ | ၃၉၆,၉၆၃.၈၀၀ | -၂၀၅,၉၃၅.၃၇၅ | -၂၀၅,၈၄၆.၀၈၂ |
| ၄-၁၁ ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓါတ်အားထုတ်ယူသည့် အတွက်အခမဲ့ရရှိသည့် ဓာတ်အားခ | ၁၀,၄၂၆.၃၂၀ | ၉,၉၉၃.၇၁၄ | ၁၂,၁၉၇.၉၂၀ | +၁,၇၇၁.၆၀၀ | +၂,၂၀၄.၂၀၆ |
| ၄-၁၂ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ရရှိသူ များထံမှ ကောက်ခံရရှိသည့်အခွန် | | ၁၀၆.၆၃၂ | ၆၅၀.၅၅၀ | +၆၅၀.၅၅၀ | +၅၄၃.၉၁၈ |
| ပေါင်း | ၇,၅၄၆,၀၃၀.၁၁၄ | ၇,၄၂၃,၅၁၄.၂၅၁ | ၇,၅၇၅,၉၃၄.၂၁၄ | +၂၉,၉၀၄.၁၀၀ | +၁၅၂,၄၁၉.၉၆၃ |

<u>နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ</u>

၃၈။ နာယကကြီးခင်ဗျား၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ Union Fund Account (OA) Account လက်ကျန်အခြေအနေကို သုံးသပ်၍-

- အဖွဲ့အစည်း(၈)ဖွဲ့ကို သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်အားလုံး၊
- အဖွဲ့အစည်း (၅)ဖွဲ့ ကို သာမန်အသုံးစရိတ်အားလုံး၊
- အဖွဲ့အစည်း (၇) ဖွဲ့ကို သာမန်အသုံးစရိတ်အချို့တို့ကို ၎င်းတို့၏ ဘဏ္ဍာရန်ပုံငွေ UFA (OA) စာရင်းမှ ကျခံသုံးစွဲစေမည် ဖြစ်ပါတယ်။

၃၉။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် သာမန်စာရင်း (ကုန်သွယ်မှု) အရ အမြတ်/ အရှုံး အခြေအနေများကိုလည်း တင်ပြထားပါတယ် -

| စဉ် | ဘဏ္ဍာရေးနှစ် | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် | | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အမြတ်ရရှိသည့် အဖွဲ့အစည်း | အရှုံးပေါ်သည့်အဖွဲ့ အစည်း | ပေါင်း | အမြတ်ရရှိသည့် အဖွဲ့အစည်း | အရှုံးပေါ်သည့်အဖွဲ့ အစည်း | ပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ (၃+၄) | ၆ | ၇ | ၈ (၆+၇) | ၉ (၅+၈) |
| ၁။ | ၂၀၁၅-၂၀၁၆ (အမှန်စာရင်း) | ၁၇ | ၁၁ | ၂၈ | ၄ | ၃ | ၇ | ၃၅ |
| ၂။ | ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၁၆ | ၁၀ | ၂၆ | ၄ | ၂ | ၆ | ၃၂ |
| ၃။ | ၂၀၁၇-၂၀၁၈ (ယာယီအမှန်) | ၁၆ | ၁၀ | ၂၆ | ၄ | ၂ | ၆ | ၃၂ |
| ၄။ | ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလ အထိ | ၁၈ | ၈ | ၂၆ | ၅ | ၁ | ၆ | ၃၂ |
| ၅။ | ၂၀၁၈-၂၀၁၉ (ခန့်မှန်းခြေ) | ၁၇ | ၉ | ၂၆ | ၅ | ၁ | ၆ | ၃၂ |

၄၀။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း (၃၂) ဖွဲ့ ရှိပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်ဆောင်ရွက်မည့် အဖွဲ့အစည်း(၂၆) ဖွဲ့၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်း(၅) ဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ဖြစ်ပါတယ်။ ၎င်းတို့အနက် အမြတ်ရရှိသည့်အဖွဲ့(၂၂)ဖွဲ့၊ အရှုံးပေါ်ပေါက်သည့်အဖွဲ့(၁၀) ဖွဲ့ ရှိပါတယ်။

၄၁။ နာယကကြီးခင်ဗျား၊ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါတယ်။ ယေဘုယျအားဖြင့်စွမ်းအင်ကဏ္ဍက ရငွေရှာဖွေပေးပြီး လျှပ်စစ်ကဏ္ဍတွင် အစိုးရက ပြည်သူအတွက် Subsidize စိုက်ထုတ် သုံးစွဲပေးလျက်ရှိသည့် အနေအထားဖြစ်ပါတယ်။

၄၂။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအောက်ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများမှ ထုတ်လုပ်မှုပမာဏမှာ ၆၅၃,၃၁၀ MMSCF ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားပါတယ်-

- ရတနာစီမံကိန်းမှ ၂၈၈,၃၅၀ MMSCF၊
- ရွှေစီမံကိန်းမှ ၁၈၂,၅၀၀ MMSCF၊
- ဇော်တိကစီမံကိန်းမှ ၁၂၄,၁၀၀ MMSCF၊
- ရဲတံခွန်စီမံကိန်းမှ ၅၈,၃၆၀ MMSCF၊
- လေဆီစည်ပေါင်း ၈၆၈,၃၆၀ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားပါတယ်။

၄၃။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ရတနာ၊ ရဲတံခွန်နှင့် ဇော်တိကစီမံကိန်းများမှ သဘာဝဓာတ်ငွေ့ဈေးနှုန်းများကို 1 MMBTU လျှင် အမေရိကန် ဒေါ်လာ ၇.၅ နှုန်းဖြင့်လည်းကောင်း၊ ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေ့ဈေးနှုန်းကို 1 MMBTU လျှင် အမေရိကန် ဒေါ်လာ ၆.၅ နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းစည်နှင့် လေဆီဈေးနှုန်းကို တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၅ နှုန်းဖြင့်လည်းကောင်း ဝင်ငွေခန့်မှန်း တွက်ချက်ထားပါတယ်။

၄၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် " ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန်" အဖြစ် ရရှိသည့် Royalties မှာ-

- ကမ်းလွန်စီမံကိန်း အတွက် ကျပ် ၃၈၆ ဘီလီယံ၊
- ကုန်းတွင်းစီမံကိန်းများအတွက် ကျပ် ၄ ဘီလီယံ၊
- စီမံကိန်းသစ်များအတွက် လက်မှတ်ရေးထိုးခအဖြစ် ရရှိသည့် Signature Bonuses မှာကျပ် ၂၀ ဘီလီယံ၊
- ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေရေးနှင့် ထုတ်လုပ်ခြင်းအတွက် ရရှိမည့် [ နိုင်ငံပိုင်ရှယ်ယာ ၊ အမြတ်ခွဲဝေမှုနှင့် ကုန်ကျစရိတ်အတွက်ပြန်လည်ရရှိငွေ (Cost Recovery) အပါအဝင်] ကျပ် ၁,၂၇၂ ဘီလီယံ၊
